# ပုဂံ၊ပင်းယ၊အင်းဝကျောက်စာများ
# ဝါကျဖွဲ့စည်းပုံနှိုင်းယှဉ်လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မစန်းဥမ္မာ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်


၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် ကျောက်စာများဝါကျဖွဲ့စည်းပုံကို နှိုင်းယှဉ်လေ့လာသော ကျမ်းဖြစ်ပါသည်။ ပုဂံခေတ်ကျောက်စာများမှ ဝါကျများကို အခြေခံပြီး အင်းဝခေတ်အထိ ပြောင်းလဲတိုးတက်လာသော ဝါကျ ဖွဲ့စည်းပုံကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့်ရေးသားပါသည်။ ပုဂံခေတ်၊ ပင်းယခေတ်နှင့် အင်းဝခေတ်တို့တွင် ရေးထိုးသော အလှူမှတ်တမ်းတင် ကျောက်စာများမှ ဝါကျရိုး၊ ဝါကျရောများ၏ဖွဲ့စည်းပုံကို မြန်မာအစဉ်အလာသဒ္ဒါဖြင့် လေ့လာ ထားပါသည်။ ယင်းသို့ လေ့လာခြင်းဖြင့် မြန်မာဘာသာစကား၊ မြန်မာစာပေသာမက မြန်မာယဉ်ကျေးမှုအဆင့်အတန်းကိုပါ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။